KBZ GROUP

No.615/1,PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. Ph: 538 075-76, 538 078-80 Fax: 538 069-71 www.kbzbank.com

# မြေကွက်ဝယ်ယူပိုင်ဆိုင်မှုဆိုင်ရာ မူဝါဒ

မြေကွက်ဝယ်ယူခြင်းနှင့် ပတ်သက်၍ ကမ္ဘောဇကုမ္ပဏီအုပ်စု၏ မူဝါဒသည် စံပြနိုင်ငံသား အဖြစ်ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ကို တန်ပြန်သက်ရောက်စေပါသည်။ လုပ်ငန်းစိတ်ဝင်စားသ အားလုံး၊ မြေကွက်ရယူခြင်းကြောင့် သက်ရောက်မှုခံစားရသည့် ပုဂ္ဂိုလ်များနှင့် လူမှုအသိုင်းအဝန်းများအတွက် ကျွန်ုပ်တို့သည် တူညီသည့် တာဝန်ရှိမှုထားရှိမည် ဖြစ်သည်။

၎င်းအဖွဲ့များသို့ ကျွန်ုပ်တို့၏တာဝန်ရှိမှုကို အောက်ဖော်ပြပါအတိုင်း ယုံကြည်ပါသည်။

- တည်ဆဲမြေပိုင်ဆိုင်ခွင့်ကို လေးစားလိုက်နာခြင်း (ပုံမှန်မဟုတ်သည်ဖြစ်စေ)
- မြေယာဝယ်ယူရန်အတွက် ညှိနှိုင်းရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်း
- လိုအပ်သည့်မြေအတွက် မျှတသည့် ပေးလျော်မှုရှိခြင်း
- ပြန်လည်နေရာချထားခြင်းမပြုမီဖြစ်စေ ၎င်းထက်မြင့်သည့်အဆင့်ဖြစ်စေ၊ အရည်အသွေး ဖယ်ရှားခံရသည့် လူပုဂ္ဂိုလ်နှင့် လူမှုအဖွဲ့အစည်းများက ရရှိစေရန်။
- ကျွန်ုပ်တို့လုပ်ငန်းများသည် လုပ်ငန်းစိတ်ဝင်စားသူအားလုံးအား အကျိုးဖြစ်ထွန်းစေရန် ဒေသန္တရ လူမှုအဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်ခြင်း။
- ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအပေါ် အနည်းဆုံး သက်ရောက်မှု ရှိစေခြင်း။
- ကျွန်ုပ်တို့၏ လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲ ရေရှည်အမြင်ထားရှိခြင်း။

ကမ္ဘောဇကုမ္ပဏီအုပ်စသည် လုပ်ငန်းအားလုံးတွင် နိုင်ငံတကာလိုက်နာမှု အမြင့်ဆုံး စံနှုန်းအတွက် ကြိုးပမ်းရည်ရွယ်ပါသည်။ မြေဝယ်ယူခြင်းကိစ္စတွင် LINDRIP အပိုဒ်ခွဲ (၁၀) မူရင်း တိုင်းရင်းသား ပြည်သူများ၏ အခွင့်အရေးအပေါ် ကုလသမဂ္ဂ၏ ကြေညာစာတမ်းနှင အညီဖြစ်စေရန် ကမ္ဘောဇ က ကြိုးပမ်း အားထုတ်ပါသည်။

မူရင်းတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏မြေ၊ နယ်ပယ်မှ အဓမ္မဖယ်ရှားခြင်းမျိုး မပြုလုပ်ပါ။ သက်ဆိုင်ရာမူရင်းတိုင်းရင်းသားများအား ကြိုတင်အကြောင်းကြားထားပြီး လွတ်လပ်သော

သဘောတူညီချက်မပါဘဲ နေရာရွှေ့ပြောင်းခြင်းမပြုလုပ်ပါ။ ဖြစ်နိုင်သမျှ ပြန်လည်နေထိုင်ခွင့်ပေးရန် တရားမျှတသည့် ပေးလျော်မှုဖြင့် သဘောတူညီပြီး ဆောင်ရွက်ရမည ဖြစ်သည်။

မြေသိမ်းရာတွင်ဖြစ်စေ၊ ယခင်သိမ်းထားသည့်မြေကို ပြန်လည်သုံးသပ်ရာတွင်ဖြစ်စေ ကမ္ဘောဇကုမ္ပဏီအုပ်စုက အောက်ပါအတိုင်း ဆောင်ရွက်ပါမည်။

- အနိုင်ကျင့်ခြင်း၊ လှည့်စားခြင်း၊ ခြိမ်းခြောက်ခြင်းမရှိဘဲ ပါတီအားလုံးက ၄င်းတို့၏ မြေကို မိမိဆန္ဒအလျောက်စွန့်လွှတ်ပေးရမည်။
- ကမ္ဘောဇကုမ္ပဏီအုပ်စုမှ ဖြစ်စေ၊ လုပ်ဖော်ကိုင်ဖက်များမှဖြစ်စေ၊ လုပ်ငန်းများ ကြိုတင်စတင်ရာ တွင် ညီညွတ်မျှတသည့် စည်းကမ်းချက်များရှိပြီး မြေပိုင်ရှင် (သို့မဟုတ်) နေထိုင်သူက ၄င်းတို့၏ မြေကိုစွန့်လွှတ်ရန် ကြိုတင်သဘောတူညီချက်ပေးထားရမည်။
- လုပ်ငန်းအားလုံးသည် ပွင့်လင်းမြင်သာမှုရှိ၍ အများပြည်သူရှေ့မှောက်တွင် ကြေညာရမည်။
- လုပ်ငန်းစိတ်ဝင်စားသူများမှ လူ့အခွင့်အရေး နှင့် ပတ်သက်သည့် တိုင်ပင်ဆွေးနွေးထားသော အချက်အလက်များကို အဓိကသော့ချက်တစ်ခုအဖြစ် လေးစားရမည်။

မြေသိမ်းပိုက်ခြင်းမပြုမီ သက်ဆိုင်သူ လုပ်ငန်းစိတ်ဝင်စားသူအများစုကို အနည်းဆုံးအကျိုး သက်ရောက်သည့် လုပ်ငန်းဖြစ်စေရန် ကမ္ဘောဇကုမ္ပဏီအုပစုမှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး သက်ရောက်မှု အကဲဖြတ်ချက် ( ESIA ) ကို ဆောင်ရွက်မည်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ထိခိုက်လွယ်သည်ဟု ယူဆရသည့် စီမံချက်များကို ကမ္ဘောဇ က နောက်ကြောင်းပြန် ESIA ဆောင်ရွက်ရပါမည်။ လုပ်ငန်းစိတ်ဝင်စားသူအားလုံးထံမှ ပြန်လည် ဆွေးနွေးတင်ပြချက်ကို ကျွန်ုပ်တို့က လက်ကမ်းကြိုဆိုပါသည်။

ကမ္ဘောဇကုမ္ပဏီအုပ်စု၏ နှစ်နာချက်မူဝါဒသည် လုပ်ငန်းစိတ်ဝင်စားသူအားလုံး အကျုံးဝင်၍ ထိုလုပ်ဆောင်ချက်များသို့ ကျွန်ုပ်တို့၏ ဝန်ထမ်းသာမက ပြင်ပလုပ်ငန်း စိတ်ဝင်စားသူများပါ ပါဝင် လာနိုင်စေရန် အာမခံပါသည်။ ဤထူးခြားချက်ကို ကျွန်ုပ်တ၏ Website တွင်သာမက ကျွန်ုပ်တို့ပါဝင်သည့် လူမှုအသိုင်းအဝန်းတွင်ပါ ဖော်ပြလျက်ရှိပါသည်။ လုပ်ငန်းစိတ်ဝင်စားသူ ပါဝင်မှုသည် ကျွန်ုပ်တို့၏ အခြေခံအစိတ်အပိုင်းဖြစ်၍ သက်ဆိုင်ရာ ပြဿနာများကို သိရှိပြီး ထိရောက်စွာဆောင်ရွက်ရန် ကျွန်ုပ်တို့ သံဓိဋ္ဌာန်ချမှတ်ထားပါသည်။ ကျွန်ုပတို့ကို အသိအမှတ် ပြုပေးရန် ရည်ရွယ်ပြီး ဆောင်ရွက်သည့် ကိစ္စရပ်များသည် လူမှုပတ်ဝန်းကျင်သို့ အကျိုးပြုစေရန် ဖြစ်ပါသည်။

KBZ GROUP

No.615/1,PYAY ROAD, KAMAYUT TOWNSHIP, YANGON, MYANMAR. Ph: 538 075-76, 538 078-80 Fax: 538 069-71 www.kbzbank.com

အထူးသဖြင့် Legal and Compliance ဌာနသည် ကမ္ဘောဇကုမ္ပဏီအုပ်စုတွင် အငြင်းပွားမှုများကို ဖြေရှင်းပေးရန် ရည်ရွယ်ပါသည်။ ယခင်အချိန်တွင် ထိုကဲ့သို့သော အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ဖူးခြင်း မရှိကြောင်း ဝမ်းမြောက်ဝမ်းသာစွာ သတင်းပေးပါသည်။

သို့ရာတွင် ကျွန်ုပ်တို့သည် ပြဿနာများကို လမ်းဖွင့်ထားပြီးလက်အောက်ခံ အဖွဲ့အစည်းများ မှ တဆင့် ဆက်သွယ်ရေးလမ်းကြောင်းများထားရှိပြီး နစ်နာသည့် ပါတီက မိမိ၏ခံစားချက်ကို ဖွင့်ဟရန် လက်အောက်ခံနှင့်ဗဟိုမှတဆင့် အစဉ်အမြဲ လမ်းကြောင်းများ ဖွင့်ထားပါသည်။

ဆက်သွယ်ရန်လိပ်စာ -----------------------------------------------

ဖြစ်စဉ်များ -----------------------------------------------